**သတင်းထုတ်ပြန်ချက်** ၉၊၁၁၊၂၀၂၀။

## ၂၀၂၀-ရွေးကောက်ပွဲအမျိုးသမီးကိုယ်စားလှယ်များပါဝင်မှု

### အဖွဲ့အစည်းဆိုင်ရာအကျဉ်း

RAIN MAKER အဖွဲ့သည် မြန်မာနိုင်ငံရွေးကောက်ပွဲဖြစ်စဉ်လေ့လာမှုလုပ်ငန်းစဉ်များတွင် ၂၀၁၃ ခုနှစ်မှစတင်ကာ ဒီမိုကရေစီ ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက်ဆောင်ရွက်ခဲ့သော လွတ်လပ်ပြီးတရားမျှတမှုရှိသော ဒီမိုကရေစီ ရွေးကောက်ပွဲ များရှင်သန်အားကောင်းစေရန်ဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ရပ်ဖြစ်ပါ သည်။

မြန်မာနိုင်ငံရွေးကောက်ပွဲ ဖြတ်သန်းမှုကာလတစ်လျှောက်နိုင်ငံသားနှင့် ရွေးကောက်ပွဲအစီအစဉ်များ ဖြစ်သော ပထမ အကြိမ်မဲပေးမည့်လူငယ်များနှင့်အမျိုးသမီးများ၏ရွေးကောက်ပွဲတွင်ပါဝင်မှုမြင့်တင် ရေး အစီအစဉ်နှင့် ရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်နှင့်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ရေးရာမူဘောင်နှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား လေ့လာသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျှက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးကွန်ယက်၏ လုပ်ငန်းကော်မတီအဖွဲ့ဝင်ဖြစ်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ဒေသခံအဖွဲ့အစည်းပေါင်း(၂၈)ဖွဲ့နှင့် အတူ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ဖွံ့ဖြိုးအားကောင်း စေရေးနှင့်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ကဏ္ဍများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်နေသည့် လွတ်လပ်ပြီး အမှီအခို ကင်းသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။

### စောင့်ကြည့်လေ့လာမှုရည်ရွယ်ချက်

၂၀၂၀-ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့်အမျိုးသမီးကိုယ်စားလှယ်များ၏ ပါဝင်ယှဉ်ပြိုင်မှု တွင် တွေ့ကြုံရသော အခက်အခဲနှင့်စိန်ခေါ်မှုများလေ့လာမှုအပိုင်းတွင် လက်ရှိမြန်မာနိုင်ငံ၏ကျား/မရေးရာ မူဝါဒပိုင်းဆိုင်ရာ နှင့်လုပ်ငန်းစဉ် ပြောင်းလဲမှုအခြေအနေအား ရွေးကောက်ပွဲတွင် အမျိုးသမီးပါဝင်မှု ဖြတ်သန်းမှု အခြေအနေများ ဖြင့်ချိန်ညှိဆန်းစစ်ရန်၊မြန်မာအမျိုးသမီးများ အတွက် နိုင်ငံရေးတွင်ပါဝင် လာနိုင်ရေးအတွက် အမှန်တကယ် ဟန့်တားထားသော အရာများအား လက်တွေ့ကျကျ ဆန်းစစ် ဖော်ထုတ်နိုင်ရန် အဓိက ရည်ရွယ်ပြီး စောင့်ကြည့် လေ့လာ သုတေသနပြုခြင်းဖြစ်သည်။

တွေ့ရှိချက်များအားအခြေခံပြီး မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှုအတွက် ပိုမိုထိရောက်သော ပြောင်းလဲ ပြင်ဆင်မှုများချဉ်းကပ်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပါသည်။

### ၂၀၂၀-ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ တွင်အမျိုးသမီးပါဝင်မှုစောင့်ကြည့်လေ့လာရန်ပြင်ဆင်မှုများ

၂၀၂၀-ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်ပြင်ဆင်မှုတွင် လေ့လာရေးအဖွဲ့သည် နိုဝင်ဘာ ၂၀၁၉မှပင်စတင်ကာ စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီအစဉ်နှင့်မူဝါဒဆိုင်ရာများ ကိုပြင်ဆင်ခဲ့ပါသည်။ ထိုသို့ပြင်ဆင်ရာတွင် နိုင်ငံသားအသိပညာပေးနှင့်ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအားဆောင်ရွက်ရာတွင် နိုင်ငံသားကောင်းနှင့် ရွေးကောက်ပွဲသင်တန်းများ အပတ်စဉ် (၁၂)ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ဆိုင်ရာသင်တန်း(၉)ကြိမ်တိတိအား မြန်မာနိုင်ငံဒေသ အသီးသီး ရှိမိတ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူငယ်(၆၃၀)ဦးအားသင်တန်း ပို့ချပေးခဲ့ ပါသည်။

၂၀၂၀-ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ် ဆောင်ရွက်ရာ တွင်ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ဥပဒေရေးရာမူဘောင်ပြုပြင်ပြောင်းလဲမှုနှင့် ကပ်ရောဂါ ဘေးဖြစ်ပွားမှုကာလအတွင်း ရွေးကောက်ပွဲစီမံခန့်ခွဲမှု၊အမျိုးသမီးများနှင့်ရွေးကောက်ပွဲ အခန်းကဏ္ဍအားစောင့်ကြည့်လေ့လာခဲ့ပါသည်။ ထိုသို့စောင့်ကြည့်လေ့လာရာတွင် ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူ (၆၃၂)ဦး အားပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင်တရားဝင် စောင့်ကြည့်လေ့လာခွင့်ရယူခဲ့ပြီး အမျိုးသမီးကဏ္ဍစောင့်ကြည့်လေ့လာရေး တွင် ရေရှည် စောင့်ကြည့် လေ့လာသူ (၁၂၀)ဦး နှင့်ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာသူ(၁၅၀)ဦး မှတာဝန် ယူ ဆောင်ရွက် ခဲ့သည်။

ရေရှည်စောင့်ကြည့်လေ့လာသူ(၁၂၀)ဦးမှ မြန်မာနိုင်ငံဒေသအသီးသီးရှိ အမျိုးသမီးကိုယ်စားလှယ် (၁၂၀)ဦးအားရွေးကောက်ပွဲကာလကြုံတွေ့ရသော အခက်အခဲနှင့်စိန်ခေါ်မှုများအား တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းနှင့်မဲဆွယ် စည်းရုံးရေးလှုပ်ရှားမှုများစောင့်ကြည့်လေ့လာခြင်းအချက်အလက်ရယူခြင်း၊ ရွေးကောက်ပွဲ ကာလ အတွင်းအမျိုးသမီးများအားအကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် အမုန်းစကားများ သတင်းမှားများဖြင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအား တိုက်ခိုက်မှု ကြောင့် ရွေးကောက်ပွဲ ပါဝင်မှုအားဟန့်တား မှုဖြစ်စဉ်များကိုအလေးထားစောင့်ကြည့်ခဲ့ပါသည်။

ထို့ပြင် ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာသူ(၁၅၀)မှ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်လာနိုင်သောအမျိုးသမီးများနှင့်ရွေးကောက်ပွဲအကြမ်းဖက်မှု၊လွတ်လပ်စွာမဲပေးခွင့်အား ထိခိုက်စေသော အခြေ အနေများကိုစောင့်ကြည့် လေ့လာသွားမည်ဖြစ်သည်။

**၂၀၂၀-ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့်အမျိုးသမီးအခန်းကဏ္ဍ**

လက်ရှိမြန်မာနိုင်ငံရေးတွင် အမျိုးသမီး ပါဝင်မှုသည် နိမ့်ကျနေပြီး ရွေးကောက်ပွဲနိုင်ငံရေးတွင်လည်း အမျိုးသမီးထောက်ခံမှု လွန်စွာ နိမ့်ကျနေသောအခြေအနေ သည်ပြီးခဲ့သောရွေးကောက်ပွဲ မဲရလဒ် များအရ (၆)ရာခိုင်နှုန်းအောက်(NLDမှအပ)လျော့နည်း နေသည်ကို တွေ့ရှိရသည်။ ၂၀၁၅-ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း (၆၀၃၈)ဦးရှိသည့်အနက် အမျိုးသမီး(၈၁၄)ဦး ပါဝင်မှု နှင့်၂၀၂၀- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်း (၅၆၃၉)ဦး အပြီးသတ်စာရင်းအရ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း(၉၁၀)ဦး (အပြီးသတ်စာရင်း) ရှိရာ အမျိုးသမီးပါဝင်မှု (၃ရာခိုင်နှုန်းမျှသာ) မြင့်တက်လာရာလက်ရှိ နိုင်ငံရေး ပါတီများ၏ ကျား/မ ရေးရာ မူဝါဒနှင့် ဒီမိုကရေစီ ၏ ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်သော အားလုံးအကျုံး ဝင်ပါဝင်မှု အခြေအနေ အားပြန်လည် သုံးသပ်ရန်လိုအပ်လာ ပြီဖြစ်ပြီး အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင် လာနိုင်ရေး သည်အကန့်အသတ် ရှိနေပြီးစိန်ခေါ်မှုပြင်းထန်သည်ကိုတွေ့ရှိရသည်။ ထို့ပြင်ပါတီ အချင်းချင်း ကိုယ်စားလှယ် လောင်း အမည်စာရင်တင်သွင်းစဉ်ကာလ အတွင်းပြိုင်ဘက်ပါတီ အချင်းချင်း အားပြိုင်မှု ကြောင်း လူစာရင်း အပြောင်းအလဲများကြောင့် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် လျော့နည်းည သွားခြင်းနှင့် အမျိုးသမီး ပါဝင်မှုများသော ပါတီတစ်ခုရုပ်သိမ်း ခဲ့သော အခြေအနေကြောင့် ၂၀၂၀-ရွေးကောက်ပွဲ တွင်မျှော်မှန်းထား သလောက် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ဝင်ရောက် ယှဉ်ပြိုင် မှု မြင့်တက်မလာခဲ့ပါ။

မိမိတို့အဖွဲ့မှအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၁၂၀)နှင့်တွေ့ဆုံမေးမြန်းချက်အရ (၇၇) ရာခိုင်နှုန်းသောအမျိုးသမီးကိုယ်စားလှယ်လောင်းများ သည်ပထမအကြိမ်ရွေးကောက်ပွဲ ဝင်ရောက် ယှဉ်ပြိုင်သူများဖြစ်ကြပြီး အသက်(၂၆)မှ (၄၅) နှစ်အတွင်းဖြစ်ကြသည်။ ကိုယ်စားလှယ်လောင်း အဖြစ် ရွေးချယ်ခံရသောအမျိုးသမီး (၅၈)ရာခိုင်နှုန်း သည် ပါတီမူဝါဒအရ ရွေးချယ်ခံရပါသည် ဟုဖြေကြားခဲ့ပြီး (၁၅)ရာခိုင်နှုန်းသည် ပညာအရည်အချင်းအရရွေးချယ်ခံရပြီး (၁၃)ရာခိုင်နှုန်းသော အမျိုးသမီး သည်ပါတီနိုင်ငံရေး အတွေ့အကြုံအရရွေးချယ်ခံရသည်ဟုဖြေဆိုသည်။၂၀၂၀-ရွေးကောက်ပွဲ တွင် လူငယ်ပါဝင်မှုအရ(၁၃)ရာခိုင်နှုန်းသည် ရွေးချယ်ခံခဲ့ရသည်ဟုဖြေဆိုသည်။

၂၀၂၀-ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သော အမျိုးသမီးကိုယ်စားလှယ်လောင်း (၉၁၀)ဦးရှိသည့်အနက်(၁၂၀)ဦး၏ ရွေးကောက်ပွဲပြင်ဆင်မှုအပိုင်းနှင့်ပံ့ပိုးမှုရရှိသော အခြေအနေနှင့်စပ်လျဉ်း ပြီးတိုက်ရိုက်တွေ့ဆုံမေးမြန်းရာတွင် (၄၈)ရာခိုင်နှုန်းသောအမျိုးသမီးကိုယ်စားလှယ်လောင်း၏ ဖြေကြားမှုသည်မည်သည့်ထောက်ပံ့မှုမှမရှိခဲ့ပါဟုဖြေဆိုကြသည်။ထို့ပြင်အမျိုးသမီးအဖွဲ့အစည်းများမှ ကမ့်ပိန်းလှုပ်ရှားမှု ဖြင့်ပံ့ပိုးမှုရှိခြင်းနှင့်လူငယ်များမှာကမ့်ပိန်းကူညီမှုသည် (၁၈)ရာခိုင်နှုန်းမျှရှိသည် ကိုတွေ့ရှိရသည်။ထိုအခြေအနေသည် ၂၀၂၀-ရွေးကောက်ပွဲတွင်ယခင်ထက်ပိုမိုအားကောင်းလာသည် ကိုတွေ့ရှိရသည်။နောက်တစ်ချက်မှာ စီးပွားရေးလုပ်ငန်းရှင်များ၏ ပံ့ပိုးမှုများရှိလာသည် ဟု(၈)ရာခိုင်နှုန်း မှဖြေကြားသောထူးခြားမှုရှိခဲ့သည်။




၂၀၂၀-ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်သော အမျိုးသမီးကိုယ်စားလှယ်လောင်းများသည် ကပ်ရောဂါကူးစက်ပြန့်ပွားမှု ကာလအတွင်းရွေးကောက်ပွဲကျင်းပသည်ဖြစ်ရာ အမျိုးသမီးကိုယ်စား လှယ်လောင်းများသည် ကြုံတွေ့ရသောအချက်မှာ အချိန်မလုံလောက်မှု ဟု(၄၀)ရာခိုင်နှုန်းမှ ဖြေဆိုရာ တွင် ကူးစက်ရောဂါပြန့်ပွားမှုကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ နေအိမ်တွင်းနေထိုင်ရန် ထိန်းချုပ် သောဇရိယာမှ အမျိုးသမီးများ ပိုများပါသည်။ ထို့ပြင်ငွေကြေးအရင်းအမြစ်အားဖြင့် အခက်အခဲ ရှိသည်ဟု (၄၂) ရာခိုင်နှုန်းဖြေဆိုမှုရှိပြီး မြန်မာနိုင်ငံတွင်းရှိအမျိုးသမီးများ နိုင်ငံရေးတွင် စိတ်ဝင်စား မှုမရှိသော အခြေအနေအား(၅၇)ရာခိုင်နှုန်းမှဖြေဆိုကြသည်။ ထို့ပြင်ပါတီခေါင်းဆောင်များမှ ပံ့ပိုးမှုအားနည်း သည်ဟု(၁၅)

ရခိုင်နှုန်းမှဖြေဆိုကြသည်။၂၀၂၀-ရွေးကောက်ပွဲတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်း များ အဓိကကြုံတွေ့ရလေ့ရှိသောနည်းပညာရပ်ဆိုင်ရာနှင့်အရည်သွေးမြင့်သင်တန်းပိုင်းဆိုင်ရာပံ့ပိုးမှု အားနည်းသည်ကို (၆၈)ရာခိုင်နှုန်းကဖြေဆိုကြသော်လဲ ယခုရွေးကောက်ပွဲတွင် (၉)ရာခိုင်နှုန်းကသာ ဖြေဆိုကြရာ ယခင်ထက်ပို၍ ကောင်းမွန်လာသောအခြေအနေကိုတွေ့ရှိရသည်။

## အကြံပြုချက်

နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီဝိသေသနလက္ခဏာတစ်ရပ်ဖြစ်သောအားလုံး ပါဝင်မှုဟူ သောခေါင်းစဉ်တစ်ရပ်တွင်ပါတီတွင်း ကျား/မရေးရာတန်းတူ ညီမျှမှုဆိုသောမူဝါဒအား လက်တွေ့ကောင်ထည်ဖော်နိုင်ရန်အမျိုးသမီးပါဝင်မှုအတွက် နည်းစံနစ်ကျသော ပြုပြင်ပြောင်းလဲမှု များ ဆောင်ရွက်ရန်အချိန်တန်ပြီဖြစ်သည်။ နိုင်ငံရေးတွင်အမျိုးသမီးပါဝင်မှုဆိုရာတွင် ကိန်းဂဏန်း ဖော်ပြချက်သက်သက်မျှမဟုတ်ပဲလက်တွေ့ကျကျ စွမ်းဆောင်ရည်ရှိသောအမျိုးသမီးများ ပါဝင်လာနိုင်ရေးကို နိုင်ငံရေးပါတီများ အနေဖြင့်ပြင်ဆင်သင့်သည်။

## အမျိုးသမီး ကိုယ်စားလှယ်လောင်းများ၏နိုင်ငံရေးတွင်ပါဝင်လာနိုင်ရေးဖြတ်သန်းရသော စိန်ခေါ်မှုနှင့်ဟန့်တားမှုများ

အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကာလအတွင်းသူမတို့တွေကြုံရသော အခက်အခဲစိန်ခေါ်မှုနှင့်ပတ်သက်ပြီးမေးမြန်းရာတွင် ဖြေဆိုသူအမျိုးသမီး ကိုယ်စားလှယ်(၁၂၀)ဦး၏ (၆၉)ရာခိုင်နှုန်း သည်မရှိပါဟုဖြေဆိုခဲ့ရာ ယခင်ရွေးကောက်ပွဲမှ တွေ့ရှိချက်ရလဒ်ထက် များလာရာတိုးတက်မှုတိုက်ရိုက်အချိုးပြောင်းလဲသွားသည်ကိုတွေ့ရှိရသည်။ ထို့ပြင်ကျား/မ ရေးရာခွဲခြား သောအမြင်များသည် ဟန့်တားမှုရှိ/မရှိမေးမြန်းရာတွင်(၄၈)ရာခိုင်နှုန်းသော အမျိုးသမီးတို့ တွေ့ကြုံနေရဆဲ ဟုဖြေဆိုခဲ့သည်။အခြားသော အိမ်ထောင်မှု၊ ဥပဒေရေးရာမူဘောင်၊ မိသားစု အသိုင်းအဝန်းနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာတို့သည်သာမာန်အခြေအနေမျှသာရှိသည်ကိုတွေ့ရှိရသည်။

## ရွေးကောက်ပွဲကာလသတင်းမှားများ၊အမုန်းစကားများတိုက်ခိုက်ခံရမှုအခြေအနေ

၂၀၂၀တွင် မြန်မာနိုင်ငံ၏နည်းပညာရပ်ဆိုင်ရာအကြီးမားဆုံးပြောင်းလဲမှုသည် ဆိုရှယ်မီဒီယာ အသုံးပြုသူမြင့်မားလာမှု သည်လဲအကြောင်းတစ်ခုဖြစ်သည်။လက်ရှိအခြေအနေ တွင်မြန်မာနိုင်ငံ၏လူမှု ကွန်ယက်အသုံးပြုသူ၂၁သန်းခန့်ထိရှိလာရာပြီးခဲ့သောရွေးကောက်ပွဲများတွင် အမျိုးသမီး ကိုယ်စားလှ့ယ် လောင်းအများစုသည်လူမှုကွန်ယက်မှတစ်ဆင့်အသေးစားတိုက်ခိုက်ခံရမှုများရှိခဲ့ပြီး ၂၀၂၀-ရွေးကောက်ပွဲ တွင် ပိုမိုပြင်းထန်လာခြေရှိနိုင်သည်ဟုယူဆပြီး RAIN MAKER မှအမျိုးသမီး ကိုယ်စားလှယ် လောင်း(၁၂၀)ဦး၏ ဆိုရှယ်မီဒီယာအသုံးပြုတိုက်ခိုက်ခံရသော အခြေအနေအား စောင့်ကြည့် လေ့လာ ခဲ့သည်။ အမျိုးသမီးကိုယ်စားလှယ်လောင်း(၁၂၀)ဦးအနက် လူမှုကွန်ယက်အသုံးပြုသူ (၉၆)ဦးရှိအား လူမှုကွန်ယက်မှတိုက်ခိုက်ခံရမှုအားမေးမြန်းရာတွင်(၆၂)ရာခိုင်နှုန်းသည်အမုန်းစကားနှင့်သတင်းတုများ ဖြင့်တိုက်ခိုက်ခံရသည် ဟုဖြေကြားခဲ့သည်။ အထူးသဖြင့် ပြည်သူ့ရှေ့ဆောင်ပါတီမှဒေါ်သက်သက်ခိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှဒေါ်အောင်ဆန်းစုကြည်တို့သည် ဆိုရှယ်မီဒီယာ စာမျက်နှာ(၅)ခု မှ(၁၂)ခုမှအမုန်းစကားသတင်း

တုများနှင့်တိုက်ခိုက်မှုများ အားမဲဆွယ်စည်းရုံးရေးနှစ်လတာ အတွင်းတိုက်ခိုက်မှုများရှိသည်ကိုတွေ့ရသည်။ ထိုသတင်းတုနှင့်အမုန်းစကားများအားပြန်လည်ဖြန့်ဝေနှုန်းသည် ၄၃၀၀၀ နှင့် ၁၂၀၀၀ကြားတွင်ရှိခဲ့ပြီး ယင်းfollower ၃၆၀၀၀အထက်စာမျက်နှာများဖြစ်သည်။ Like သည်၈၄၀၀၀ နှင့်တစ်သိန်းကြား တွင်ရှိပြီးပိုစ်တင်မှုမှာ၁၁၀၀၀ထိရှိသည်။ကျန်သောအမျိုးသမီးကိုယ်စားလှယ်များတိုက်ခိုက်ခံရသော ပိုစ်များ၏ အခြေအနေသည်Like ၆၀-၈၀ကြားနှင့် Comment ၄၈ခု မျှသာရှိပြီး အသုံးပြုသူအများအပြားသို့ရောက်ရှိသူသောအခြေအနေမရှိခဲ့ပါ။

**ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်**

စက်တင်ဘာ(၈)ရက်မဲဆွယ်စည်းရုံးရေးကာလစတင်သတ်မှတ်သောအချိန်တွင်ကူးစက်ရောဂါပြန့်ပွားမှုထိန်းချုပ်ေ ေးကာလအတွင်းရန်ကုန်တိုင်းဒေသကြီး၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသ ကြီးအချို့တွင်နေအိမ်တွင် နေထိုင်ရန်သတ်မှတ်ထား ပြီးလူစုလူဝေးမလုပ်ရန် တားမြစ်ထားသော အခြေအနေတွင်ရှိသည်။ Rain Maker မှတွေ့ဆုံမေးမြန်းခဲ့သောအမျိုးသမီးကိုယ်စားလှယ် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်လောင်း(၁၂၀)ဦးမှ(၈၂)ရာခိုင်နှုန်းသည် မဲဆွယ်စည်းရုံးရေးကာလပထမလ အတွင်းလူထုစည်းရုံးဟောပြောပွဲများ ဆောင်ရွက်နိုင်ခြင်းမရှိပဲ အောက်တိုဘာလတတိယပတ်မှလုပ် ဆောင်နိုင်သည်ကိုတွေ့ရသည်။

အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးရေးကာလတိုက်ခိုက်ခံရမှုအခြေအနေများရှိခဲ့ရာများသော အားဖြင့်ပါတီထောက်ခံသူအများစုမှကျား/မဖြစ်တည်မှုအပေါ်တွင်အခြေပြုရှုတ်ချပြောဆိုမှုများအားကြုံတွေ့ရပြီး( ၅၀)ရာခိုင်နှုန်းသော ဖြေဆိုချက်အရ ပါတီဝန်းရံသူများမှ လုပ်ဆောင် ဆောင်သည် ဟုဖြေဆိုခဲ့သည်။ကျန်(၂၃)ရာခိုင်နှုန်းသည်မိမိလူမှုပတ်ဝန်းကျင်မှအမုန်းစကားနှင့်ရှုတ်ချပြောဆိုမှုများ လုပ်ခဲ့သည်ဟုဖြေဆိုထားသည်။




မဲဆွယ်စည်းရုံးရေးကာလအမျိုးသမီးကိုယ်စားလှယ်များ၏ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြုလုပ်ခဲ့ သော မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုအကြိမ်ပေါင်း (၂၄၀)ခုအားစောင့်ကြည့်လေ့လာခဲ့ပြီး အသေးစိတ် အချက်အလက်များ အားရေရှည်စောင့်ကြည့်လေ့လာသူ (၁၂၀)ဦးမှအချက်အလက်ရယူခဲ့ပါသည်။

မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှု၏ (၈၁)ရာခိုင်နှုန်းသည်ရပ်ရွာဖွံ့ဖြိုးဆောင်ရွက်မည် ကိုဦးတည်ပြောဆိုပြီး ၃၅ ရာခိုင်နှုန်းသည်တိုင်းရင်းသားအရေး ဖော်ဆောင်မည့်အကြောင်း အရာများအား ဦးစားပေး ပြောဆိုခဲ့သည် ကိုတွေ့ရသည်။၃၉ရာခိုင်နှုန်းသည်အမျိုးသမီးအရေးဆောင်ရွက်ရန် ပြောကြားပြီး၅၈ရာခိုင်နှုန်း သည် ဒီမိုကရေစီ အရေးကိုဦးတည်မည်မဲဆွယ်စည်းရုံးပြောကြားသည်ကိုတွေ့ရသည်။

**အကြံပြုချက်များ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျား/မရေးရာမူဝါဒနှင့်ပတ်သက်ပြီးရေးဆွဲခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲ တွင် အားလုံးပါဝင်လာနိုင်ရေးဦးတည်ချက်ဖြင့် အလေးထားဆောင်ရွက်မှုများရှိခဲ့ပါသည်။ နောင်လာမည့် ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပါဝင်လာမှုအား မြင့်တင်ပေး နိုင်ရန် နိုင်ငံရေးပါတီများ အားကျားမရေးရာညီမျှမှုအားတိုက်တွန်းရန်လိုအပ်ပါသည်။

ကူးစက်ရောဂါပြန့်ပွားစဉ်ကာလတွင်း ၂၀၂၀-ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပရာတွင် သက်ဆိုင်ရာနယ်ပယ် အသီးသီးတွင် စိန်ခေါ်မှုနှင့်အခက်အခဲများစွာရှိပြီးရွေးကောက်ပွဲနေ့တွင် ဖြစ်လာနိုင်သောပဋိပက္ခများအတွက် စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း မဲဆန္ဒရှင်ပြည်သူအများပါဝင်နိုင်သော ရွေးကောက်ပွဲ တစ်ရပ်အား အနည်းငယ်သော ရွေးကောက်ပွဲမသမာမှုနှင့်အငြင်းပွားမှုများရှိခဲ့ သည်မှအပအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့ပြင်ရွေးကောက်ပွဲနေ့တွင် အမျိုးသမီးများလာရောက်မဲပေးမှုများပြားပြီး၊ လူငယ်များလာရောက်မဲပေး ကြသည်ကိုတွေ့ရှိရသည်။

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေတွင်အမျိုးသမီးများနှင့် နိုင်ငံရေးတွင်ပါဝင်နိုင်သော အနေအထား သည် လူမှုပတ်ဝန်းကျင်ထုံးထမ်းအစဉ်အလာ များအရအကဲဆတ်သောအခြေအနေတွင် ရှိရာထိုကဲ့သို့သော အခြေအနေသည် အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်လာနိုင်သော အခွင့်အလမ်း နည်းပါးမှုကိုပိုမို သက်ရောက်စေပြီးအမျိုးသမီး နိုင်ငံရေးသမားများအားခြိမ်းခြောက် ဖိအားပေး ခြင်းဖြစ်ရာ နောက် ရွေးကောက်ပွဲများ တွင်မငြိမ်းချမ်း သောဒေသတွင်းရှိ အမျိုးသမီး ပါဝင်မှုပိုမိုနိမ့်ကျလာနိုင်ပါသည်။၂၀၂၀-ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲသည် ကမ္ဘာကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကာလ အတွင်း ပြုလုပ် ရသောကြောင့်ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးသည် စိန်ခေါ်မှုနှင့်အခက်အခဲ များစွာ ကြုံရသည်။ ထိုသို့သောအခြေအနေမှာ ပင်ရွေးကောက်တွင်ပါဝင်သည့်အမျိုးသမီးများ သည်ပါဝင်မှု အားဖြင့်နည်းပါးသော အခြေအနေမှာပင် မဲဆွယ်စည်းရုံးရေးကာလ အခက်အခဲတားဆီးမှုများ နှင့်ရွေးကောက်ပွဲ ပဋိပက္ခ ပြင်းထန်မှုကြား ပိုမိုရုန်းကန် ရမည်ဖြစ်သည်။Rain Maker သည်ရွေးကောက်ပွဲ ဆိုင်ရာ ရလဒ်အပြောင်းပွားမှုများ ၊မှရွေးကောက်ပွဲကာလ လေ့လာ တွေ့ရှိချက်အသေး စိတ်အချက်အလက် များအား အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြသွား မည်ဖြစ်ပါသည်။

သတင်းအချက်အလက်များပိုမိုရယူလိုပါလျှင်ဆက်သွယ်ရန်

၀၉-၄၂၀၀ ၆၆ ၂၂၂၊ ၀၉-၄၀၈၁၄၇၉၀၆၊ ၀၉-၉၆၉၀၂၀၅၄၂